ဖွန် (၂၇)

## ဘုရားသခင်၏ သမ္မာတရားဖြင့် သင်၏စိတ်နှလုံးတို့ကို ဖြည့်ဆည်းပါ။

**ဘုရား**သခင်သည် တည်ဆောက်ပြီးခဲ့သမျှသော ကွန်ပျူတာတို့အနက် အကောင်းဆုံးတစ်ခုကို သင့်အားပေးထားသည်။ ယင်းက သင်၏ကိုယ်ပိုင်စိတ်ပင်ဖြစ်ပြီး ၎င်းကိုမည်သို့ ဖြည့်ဆည်းရမည်ဆိုသည်က သင့်အပေါ်၌သာ မူတည်သည်။ ကောင်းသောအရာဖြစ်စေ မကောင်းသောအရာဖြစ်စေ တစ်ခုခုဖြင့် ၎င်းကို ဖည့်ဆည်းရမည်ဖြစ်ပြီး သင်၏ တွေးခေါ်တုန့်ပြန်မှုများကလည်း မိမိလေ့လာသင်ကြားထားသော သို့မဟုတ် တွေ့ကြုံခံစားခဲ့ရသော အရာများနှင့်အညီ ပြန်လည်တုန့်ပြန် ဆောင်ရွက်ရန်အတွက် စိတ်ပိုင်းဆိုင်ရာအရ ပြုလုပ်သတ်မှတ်ထားမှုရှိသည်။ ထိုအခြင်းအရာကြောင့်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်အား အလွတ်ကျက်မှတ်ရန်ထက် ပိုအရေးကြီးသော မည်သည့်အရာကို မဆို သင့်အနေနှင့် အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ဘုရားရှင်ကိုယ်တော်တိုင်သည် အဓိကဗဟိုကွန်ပျူတာကြီးနှင့်တူပြီး သင်သည် သူနှင့်အဆက်အသွယ်ပြုခါ သူ၏တန်ခိုးတော် သူ၏ဝိညာဉ်တော်တို့အားဖြင့် အလုံးစုံသောသတင်းအချက်အလက်များ ဉာဏ်ပညာနှင့်လိုအပ်သော အဖြေအားလုံးကို ပေးနိုင်သည်။ သူ၏နှုတ်ကပတ်တော်ကို ဖတ်ရှုလေ့လာမှတ်သားမှုများကို သစ္စာရှိစွာပြုပါက ယင်းကို သင်လိုအပ်ချိန်တွင် သူသည်ဝိညာဉ်တော်အားဖြင့် ဆွဲဆောင်မှုပြည့်ဝစွာ ပြောဆိုနိုင်စေလိမ့်မည်။ သင်၏ကွန်ပျူတာလေးတွင် သင်အစီအစဉ်ရေးဆွဲသော အချိန်မှန်ကန်သော ဆက်သွယ်မှု ကိုသင်ပြုသည့် အချိန်တိုင်းသင်၏ ကွန်ပျူတာလေးထဲ အလိုအလျောက်ပေါ်လာစေလိမ့်မည် ဖြစ်သည်။ (ယော ၁၄း၂၆)

ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင့်စိတ်နှလုံးသားပေါ်သို့ ကူးချလိုက်သောအခါ သင့်အနေနှင့် အသုံးခံကိရိယာ တန်ဆာပလာအဖြစ်သာ ရှိဖို့လိုအပ်သည်။ ထိုအခါ ဘုရားသခင်က သူလိုချင်သည့် အချက်အလက်များကို သင့်ကွန်ပျူတာထဲမှ ထုတ်ယူရန် ကွန်ပျူတာခလုပ်များ (KeyBoard) တွင်ထိုနိုင်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သင်၏ကွန်ပျူတာ မှတ်ဉာဏ်သိမ်းထားသောနေရာ (Chips) များတွင် သင်ထည့်သွင်းစီစဉ်ထားသလောက် မှန်ကန်သောအချက်အလက်များက ရှိနေကြမည် ဖြစ်၍သာလျှင်ဖြစ်သည်။